ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


## Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စု၊ ဒေါဆန်းဘွန်းကျေးရွာ

# မာတိကာ


အကြောင်းအရာ စာမျက်နှာ


၁။ မြို့နယ်ပြမြေပုံ ၃
၂။ အုပ်စုမြေပုံ ၄
၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ၅
၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) ၆
၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)
အကျဉ်းချုပ်ဇယား ၈
၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ ၉
၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် ၁၀
၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ ၁၁
၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် ၁၂
၁၀။ ရာသီခွင်ပြဇယား ၁၃
၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် ၁၄
၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု ၁၅
၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် ၁၆
၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) ၁၇
၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) ၁၈
၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ ၁၉
၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် ၂၀
၁၈။ ကော်မတီဝင်များစာရင်း ၂၂
၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) ၂၄
၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) ၂၅
၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ၂၆
၂၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)
၂၃။ အစည်းအဝေးမှတ်တမ်းများ ၂၈
၂၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၂၉
၂၅။ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား ၃၂
၂၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ ၃၃



လှိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး – ၁လက်မ = ၄မိုင်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ပန်ကန်းကျေးရွာအုပ်စုမြေပုံ



တလားပြည်နယ်
လှိုင်တော်မြို့
ပန်ကန်းကျေးရွာအုပ်စု
တွင်းအညွှန်းပြမြေပုံ
စကေး ၁လက်မ = ၄ မိုင်

ရည်ညွှန်းချက်
- မြို့နယ်နိမိတ် - — · — · —
- ကွင်းနယ်နိမိတ် - ●━●━●━●
- လမ်း - ┈┈┈
- အုပ်စုနယ်နိမိတ် - ━━━━━
- ချောင်း/မြောင်း - ～～～

ပန်ကန်း ကျေးရွာရုံးရှိ - □

## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ပန်ကန်း | ရွာတန်းရှည် | |
| ၂။ | | မှုံပြာ | |
| ၃။ | | ပန်ကန်း | |
| ၄။ | | ထူဒူငံသ | |
| ၅။ | | စိုက်ကွင်း(၃) | |
| ၆။ | | ဒေါဆန်းဘွန်း | |
| ၇။ | | | |
| ၈။ | | | |
| ၉။ | | | |
| ၁၀။ | | | |
| ၁၁။ | | | |
| ၁၂။ | | | |
| ၁၃။ | | | |
| ၁၄။ | | | |
| ၁၅။ | | | |
| ၁၆။ | | | |
| ၁၇။ | | | |

## လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

## (၂၀၁၇-၂၀၁၈ ) ခုနှစ်

**ကျေးရွာအုပ်စုအမည် -ပန်ကန်း  ကျေးရွာအမည် -ဒေါဆန်းဘွန်း  ရက်စွဲ - ၁၂.၁၀.၂၀၁၇**

### ၁။ ကျေးရွာသမိုင်းကြောင်း

ဒေါဆန်းဘွန်းကျေးရွာကို ၁၉၈၂ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ကျေးရွာတည်စတွင် ရွာသုံးဆောင်ဟု အမည်ပေးခေါ်ဆိုခဲ့ပြီးအိမ်ခြေ(၂၄)အိမ်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ရွာသုံးဆောင်အမည်ဖြင့် တည်ထောင်ခဲ့သော်လည်း (၃)နှစ်ကြာသောအချိန်အတွင်း လူမှုရေး၊စီးပွားရေး အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသောကြောင့် တစ်ကြောင်း ၁၉၈၄ခုနှစ်မေလတွင် လည်း မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းက တစ်ကြောင်း စသောအကြောင်းအရင်းများ ကြောင့် ၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီလတွင်ယခု လက်ရှိနေထိုင်သောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်အတွက် ပန်ကန်းကျေးရွာရှိ ရပ်မိရပ်ဖများအား လည်းကောင်း၊ ထူဒူင်သကျေးရွာ ရပ်မိရပ်ဖများအား လည်းကောင်း မေးမြန်းပြီး အကူအညီရယူခဲ့ပါသည်။ ၎င်းကျေးရွာများ၏ ရပ်မိရပ်ဖလူကြီးများ နှုတ်မိန့် သဘောတူ ခွင့်ပြုချက်ရသဖြင့် ၁၉၈၅ခုနှစ် ဖေဖော်ဝါရီလ အတွင်းမှာပင် ယခုနေထိုင်သော ရွာလေးသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ပါသည်။ စတင်ပြောင်းရွှေ့ချိန်တွင် အိမ်ခြေ(၁၇)အိမ်ခန့်သာ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး အချို့မှာ မိမိတို့နေထိုင်ရာ နေရာဟောင်းတွင် ဆက်လက် နေထိုင်ခဲ့ပါသည်။ ယခင် ရွာတည်ထောင်ခဲ့သော နေရာဟောင်းမှာ ယခုနေထိုင်သောရွာနှင့် (၆)ဖာလုံခန့်ကွာဝေးပါသည်။ ရွာရှိနေအိမ်များ ပြောင်းရွှေ့ နေသည့် အချိန်တွင် ပန်ကန်းကျေးရွာနှင့် ထူဒူင်သကျေးရွာမှ တာဝန်ရှိ ပုဂ္ဂိုလ်ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများက နေအိမ်ကို လှည်းဘီးဖြင့် လာရောက်ရွှေ့ပြောင်းကူညီ ပေးခဲ့ပါသည်။ ယခု တည်နေရာတွင် ပြောင်းရွှေ့နေထိုင်သည့် အချိန်တွင် ယခင်က ရွာသုံးဆောင်ဟုခေါ်တွင်သည်မှ တဖန်ပြန်လည်ပြီး ဒုန်းဘန်းဘွန်းကျေးရွာဟု အမည်ပေးခေါ်တွင် ခဲ့ပါသည်။ ဒုန်းဘန်းဘွန်းဟု အမည်ပေး ခေါ်တွင်ခဲ့သည်မှာ ညသန်းခေါင် အချိန် ဆင်ဖြူတော် ဖမ်းမိသည်ဟု အိပ်မက်ခြင်းဖြစ်ပါသည်။ ထိုအိပ်မက်သည် ရွာစတင်ရန် ခွင့်ပြုဦးဆောင်သော ဦးမာန်ကိုနန်း နှင့် သက်ဆိုင် ပါတော့သည်။ ၎င်း အဖိုးအိပ်မက်ခြင်းနှင့် ရွာစတည်ရန် ခွင့်ပြုဦးဆောင်သော ဦးမာန်ကိုနန်းနှင့် သက်ဆိုင်သောကြောင့် ယခင် ရွာသုံးဆောင်ဟု အမည်ခေါ်တွင် သည်မှ တဖန် ဒုန်းဘန်းဘွန်းကျေးရွာ ဟု အမည်ပေးခဲ့ပါသည်။ ၁၉၉၂ခုနှစ်တွင် ဒီးမော့ဆိုမြို့နယ်၊ (၆)မိုင်ကျေးရွာအုပ်စု၊ ဒေါဆိုအီကျေးရွာမှ စာသင်ကျောင်း ရလာပြီး ဒုန်းဘန်းဘွန်းသည် တဖန် ဒေါဆန်းဘွန်းကျေးရွာဟု အမည်တည်ခဲ့ပြီး သက်ဆိုင်ရာလူကြီးများက လည်းဒေါဆန်းဘွန်းကျေးရွာဟု အမည်ပေါ် လွင်သိရှိစေခဲ့ပါသည်။

ဒေါဆန်းဘွန်း စတင်တည်ခဲ့သူမှာ ဦးခရိုင်းဖြစ်ပါသည်။ ရွာမစတင်မီ ကြက်သားထုပ်ဖြင့် လည်းကောင်း၊ ကယန်းရိုးရာအစားအစာဖြင့် လည်းကောင်း တည်ခင်း ဧည့်ခံခဲ့ကြပါသည်။ ဒေါဆန်းဘွန်းကျေးရွာ ကို ၁၉၈၃ ခုနှစ်တွင် တံခွန်တိုင် စတင်စိုက်ထူခဲ့ပါသည်။ ယခင်ကျေးရွာသည် တံခွန်တိုင်ရိုးရာကို အားလုံး ယုံကြည် ကိုးကွယ် နေထိုင်ခဲ့ကြပါသည်။ ယခု အချိန်တွင် အယူဝါဒ ကွဲလွဲသည့် ကိုးကွယ်မှုများရှိ သော်လည်း တချိန်က ကိုးကွယ်ယုံကြည်ခဲ့သော တံခွန်တိုင် ရိုးရာဘာသာကို

တစ်ရွာလုံး နှစ်စဉ်နှစ်တိုင်း ပိုင်းဂန်းပြုလုပ်နေကြသည်ကို အင်မ တန်ဂုဏ်ယူ ဂမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ထားရှိပါသည်။

မှတ်တမ်းတင်သူ

အမည် -ဒေါ်စုမြတ်လှိုင်


ရာထူး -လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/Resource Map) | ၂၀၀၇.၀၁.၂၀ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၄၀ | ၃၀ | ၇၀ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂ | ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၀၀၇.၀၁.၂၀ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၄၀ | ၃၀ | ၇၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားမျုးနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၀၇.၀၁.၂၀ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၄၀ | ၃၀ | ၇၀ | အမျိုးသမီးနှင့် အမျိုးသားများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကို သုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၀၀၇.၀၁.၂၀ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၄၀ | ၃၀ | ၇၀ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၀၇.၀၁.၂၀ | အမျိုးသား၊ အမျိုးသမီးများ | ၄၀ | ၃၀ | ၇၀ | အမျိုးသား၊အမျိုးသမီးများဘတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၂၀၀၇.၀၁.၂၀ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့ | ၄၀ | ၃၀ | ၇၀ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် - လှိုင်ကော် ။ ကျေးရွာအုပ်စု - ပန်ကန်း။ ကျေးရွာ ဒေါဆန်းဘွန်း ။ ရက်စွဲ - ၁၄.၁၀.၂၀၁၇



ပါဝင်ဆွေးနွေးသူ -

ကျား -၄၀ဦး

မ -၃၁ဦး

မှတ်တမ်းတင်သူ

အမည်-ဒေါ် စုမြတ်လှိုင်

ရာထူး -လူထုစည်းရုံးရေးမှူး

## ကျေးရွာအရင်းအမြစ်ပြမြေပုံ ဆွေးနွေးသုံးသပ်ချက်

ဒီမောဆိုမြို့နယ်မှ လွိုင်ကော်မြို့သို့ လာလျှင် လွိုင်ကော်မြို့ အဝင် ပန်ကန်းဂိတ်၏ လက်ယာဘက်ခြမ်းတွင် သာယာစွာတည်ရှိ နေသော ဒေါဆန်းဘွန်းကျေးရွာလေးတွင် လူဦးရေ စုစုပေါင်း (၆၄၈) ဦးခန့်ရှိကာ ကယန်း လူမျိုးအများဆုံး နေထိုင်ပါသည်။ ၄င်းကျေးရွာလေးတွင် ကယန်းလူမျိုးများအပြင် အခြား တိုင်းရင်းသားများ ဖြစ်သော ပရဲ၊ ကယော၊ မနော၊ ကရင်နှင့် ဗမာလူမျိုးများလည်း မှီတင်း နေထိုင်ကြပြီး ဗုဒ္ဓနှင့် တံခွန်တိုင်အများဆုံး ကိုးကွယ်ကာ ခရစ်ယာန် ကိုးကွယ်မှုလည်း အနည်းငယ် ရှိသည်။

ကျေးရွာအတွင်းတွင် ဘုန်းကြီးကျောင်း၊ ကက်သလစ် သီလရှင်ကျောင်း၊ တံခွန်တိုင်ပိုင်းနှင့် ကိုယ်ထူ ကိုယ်ထ မူကြိုကျောင်း တစ်ကျောင်း အပြင် ၁၉၉၂ခုနှစ်မှ စတင် တည်ထောင်ခဲ့သော အခြေခံ ပညာမူလတန်းကျောင်း စသော အခြေခံ အဆောက်အအုံများ တည်ရှိပါသည်။ ထိုကျောင်းကလေးအား ယခင်နှစ်တွင် လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ယူပြီး စာသင်ခန်းတစ်ခန်း တိုးချဲ့ပေးခဲ့ပြီး ဖြစ်သော်လည်း ထပ်မံ၍ လိုအပ်ချက်အဖြစ် တည်ရှိနေဆဲ ဖြစ်ကာ ပထမတန်း ကျောင်းသား ကျောင်းသူလေးများနှင့် ဒုတိယတန်း ကျောင်းသား ကျောင်းသူကလေးများ အတူတကွ ပေါင်းပြီး စာသင်နေရကာ ဆရာနှင့်ဆရာမများ နားနေခန်းလည်း လိုအပ်နေဆဲ ဖြစ်ပါသည်။ ထို စာသင်ကျောင်းလေးသည် ပျဉ်ကာ၊သွပ်မိုးဖြင့် ခိုင်ခံ့စွာ တည်ရှိသော်လည်း ခြံစည်းရိုး မရှိသဖြင့် ကလေးငယ်များ အတွက် လုံခြုံမှုအားနည်းနေပါသည်။ ကျောင်းသား၊ ကျောင်းသူ ဦးရေ စုစုပေါင်း(၉၀)ခန့် တက်ရောက် ပညာသင်ကြားနေသော ထိုကျောင်းလေးသည် ဒေါဆန်းဘွန်းကျေးရွာ၏ ဂုဏ်ယူဖွယ် ပြယုဒ်တစ်ခု ဖြစ်ပါတော့သည်။

ဒေါဆန်းဘွန်းကျေးရွာလေးသည် လွိုင်ကော်မြို့နယ်၏ အစွန်တွင် တည်ရှိနေသော်လည်း ကျေးလက်စီမံကိန်းမှ တည်ဆောက်ပေးခဲ့သော အဓိက လမ်းမကြီးတစ်လမ်းသာ ကောင်းမွန်ဆဲဖြစ်ပြီး ရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်သောကြောင့် မိုးရာသီသို့ ရောက်သောအချိန်တွင် ၄င်း လမ်းသွယ်များတွင် နေထိုင်သူတိုင်း အခက်အခဲ ရောက်ကြရပါသည်။ ထို့အပြင် ၂၀၁၇ခုနှစ်တွင် ကျေးရွာ ရံပုံငွေဖြင့် စုပေါင်းတည်ဆောက်ထားသော လူငယ် ရိပ်သာလေးသည် အပြီးသတ် ဖွင့်လှစ်ရန် ငွေကြေးအခက်အခဲရှိသည့် အပြင် လုံခြုံမှုလည်း မရှိသေးပါ။ ကျေးရွာတွင်း ဖြတ်သန်းစီးစင်းသော မြစ်ချောင်းမရှိသဖြင့် သောက်သုံးရေ အခက် အခဲအတွက် အဂီစိတွင်းများ တူးပြီးဖြေရှင်း ကြရပါသည်။ မိုးရာသီတွင် သောက်သုံးရေ လုံလောက်မှုရှိသော် လည်း ဆောင်းရာသီ နှောင်းပိုင်းနှင့် နွေရာသီတို့တွင် ရေဂယ်ယူသုံးစွဲကြရခြင်း၊ ရေမခမ်းသော အဂီစိတွင်းများတွင် သွားရောက် ခပ်ယူသုံးစွဲ ရခြင်းစသော အခက်အခဲများ ရှိပါသည်။

## ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် - လှိုင်ကော်။ ကျေးရွာအုပ်စု - ပန်ကန်း။ ကျေးရွာ - ဒေါဆန်းဘွန်း။ ရက်စွဲ -၁၄.၁၀.၂၀၁၇။

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ကား၊ထော်လဂျီ၊ဆိုင်ကယ်၊လယ်(၅)ကေ၊ ယာ(၆)ကေ၊တစ်နှစ်ဝင်ငွေကျပ်(၄၀)သိန်းနှင့်အထက် | ၁၈ | ၁၃% |
| အလယ်အလတ် | ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ်၊လယ်(၂)ကေ၊ယာ(၂)ကေ တစ်နှစ်ဝင်ငွေကျပ်(၁၀)သိန်းနှင့်အထက် | ၇၀ | ၅၁% |
| ဆင်းရဲ/နွမ်းပါး | ဝါးထရံ၊ပျဉ်ထောင်အိမ်၊လယ်ပိုင်မရှိ၊လက်လုပ်လက်စား၊ တစ်နှစ်တာဝင်ငွေလုံလောက်မှုမရှိ | ၅၀ | ၃၆% |
| | | | |
| စုစုပေါင်းအိမ်ထောင်စု | | ၁၃၈ | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ**

ကျား-၄၀ဦး

မ-၃၁ဦး

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်စုမြတ်လှိုင်

ရာထူး -လူထုစည်းရုံးရေးမှူး

## ဥစ္စာဓနကြွယ်ဝမှု ဆွေးနွေးသုံးသပ်ချက်

လူဦးရေစုစုပေါင်း (၆၄၈) ဦးခန့် နေထိုင်ကျက်စား၍ အိမ်ခြေစုစုပေါင်း (၁၃၈)အိမ်ခန့် ရှိသော ဒေါဆန်းဘွန်းရွာလေးသည် တောင်ယာလုပ်ခြင်း၊ ယက်ကန်းယက်ခြင်းနှင့် ကြေးသွန်းခြင်း စသော လုပ်ငန်းများကို အဓိကထား လုပ်ကိုင်စားသောက်ကြပါသည်။

ပထမအဆင့် သတ်မှတ်ချက်ဖြစ်သော ချမ်းသာအဆင့်တွင် အိမ်ခြေ(၁၀)သာ ရှိပြီး ၎င်းတို့၏ အဓိက စီးပွားရေးများမှာ အုတ်ရိုက်ခြင်း၊ လယ်ယာလုပ်ခြင်း၊ ကားမောင်းခြင်း၊ ဂိုက်ကျူရှင် သင်ကြားပေးခြင်း၊ ဈေးဆိုင်ကြီးဖွင့်ခြင်းတို့ ဖြစ်ပါသည်။ ထိုသူတို့၏ ပိုင်ဆိုင်မှုများမှာ လယ်(၁၂)နှင့် အထက်ပိုင်ဆိုင်ခြင်း၊ အထက်ဆိုင်ခြင်း၊ တိုက်ခံ၊ သွပ်မိုးအိမ်များ ဆောက်လုပ်နေထိုင်ခြင်း၊ ကား၊ ဆိုင်ကယ်၊ ယက်ကန်းစင်များ ပိုင်ဆိုင်ခြင်းနှင့် ဈေးဆိုင်ကြီးများဖွင့်ခြင်း စသည်တို့ဖြစ်သည်။ ၎င်းတို့၏ တစ်နှစ်တာ ဝင်ငွေမှာ (၅၀)သိန်းနှင့် အထက်ရရှိ၍ စားနပ်ရိက္ခာများ တစ်နှစ်ပတ်လုံး လုံလောက်စွာ ရရှိပါသည်။

ဒုတိယအဆင့် သတ်မှတ်ချက်ဖြစ်သော အလယ်အလတ် အဆင့်တွင် အိမ်ခြေ (၇၈) အိမ်ခန့်ရှိပြီး ၎င်းတို့၏ အဓိကစီးပွားရေးများမှာ လယ်ယာလုပ်ခြင်း ၊လယ်စာရင်းငှားခြင်းနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ ဖြစ်ပါသည်။ ထိုသူများ၏ ပိုင်ဆိုင်မှုများမှာ တိုက်ပု(သို့) ပျဉ်ထောင်ကာ၊ သွပ်မိုး၊ လယ်ယာမြေ(၂)ဧကနှင့်အထက် ပိုင်ဆိုင်ခြင်း၊ ဆိုင်ကယ်၊ စက်ဘီးနှင့် ယက်ကန်းစင်များ ပိုင်ဆိုင်ခြင်းနှင့် ရိုးရာ ဆိုင်ငယ်များ ဖွင့်လှစ်နိုင်ခြင်းတို့ ဖြစ်ပါသည်။ ၎င်းတို့၏ တစ်နှစ်တာ ပျှမ်းမျှဝင်ငွေများမှာ (၃၀)သိန်းနှင့် အထက် ရရှိ၍ စားနပ်ရိတ်က္ခများမှာ တစ်နှစ်ပတ်လုံး လုံလောက်စွာ ရရှိပါသည်။

တတိယအဆင့် သတ်မှတ်ချက်ဖြစ်သော ဆင်းရဲအဆင့်တွင် အိမ်ခြေ(၅၀)ခန့်ရှိပြီး ၎င်းတို့သည် လက်လုပ်လက်စားများဖြစ်ခြင်း၊ ကျပန်းလုပ်ကိုင်ရခြင်းနှင့် ကြွေးမြီးများရှိနေခြင်းကြောင့် ဖြစ်သည်။ ထိုသူတို့တွင် ကိုယ်ပိုင်အိမ် မရှိခြင်း၊ ရှိလျှင်လည်း ပျဉ်ထောင်၊ ထရံကာသွပ်မိုး၊ အိမ်များသာ တည်ဆောက်နေထိုင်နိုင်ခြင်း၊ အချို့တွင် ဘိုးဘွားပိုင်လယ်ယာမြေ အနည်းငယ် ရှိသော်လည်း စိုက်ပျိုးရန် အရင်းနှီးလုံလောက်မှုမရှိခြင်း၊ မိသားစုတိုးပွားရခြင်း အကြောင်းအရင်းများကြောင့် ဆင်းရဲရခြင်းဖြစ်ပါသည်။ ၎င်းတို့၏ တစ်နှစ်တာဝင်ငွေများမှာ(၁၀) သိန်း နှင့်အထက် သာရရှိ၍ စားနပ်ရိက္ခာများမှာ တစ်နှစ်ပတ်လုံး အတွက် လုံလောက်စွာမရရှိပါ။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ချမ်းသာအဆင့်တွင် စီးပွားရေးအဆင်ပြေမှုများ ရှိသော်လည်း အလယ်အလတ်အဆင့်နှင့် ဆင်းရဲအဆင့်တွင်မူ ကိုယ်ပိုင် လယ်ယာမရှိခြင်း၊ ကိုယ်ပိုင် အိမ်ခြံမြေမရှိခြင်း၊ မိသားစုတိုးပွားရခြင်း၊ လက်လုပ်လက်စားများဖြစ်ခြင်းနှင့် ကျပန်းလုပ်ကိုင်ရခြင်း စသော အကြောင်းရင်းများကြောင့် ကြွေးမြီးနှင့် အခက်အခဲများ ရင်ဆိုင်နေရကြောင်း ဆန်းစစ်မိပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးရေး | | | ပျိုးကြဲ | | | | ရိတ်သိမ်း | | | | | |
| ဝင်ငွေ/ထွက်ငွေ | ★★ / ★★★ | ★★★ / ★★ | ★★ / ★ | ★★ / ★★★ | ★ / ★ | ★★ / ★ | ★★★ / ★★★ | ★★★ / ★★ | ★ / ★ | ★★ / ★★ | ★★★ / ★★ | ★★ / ★ |
| ကျန်းမာရေး | ဝမ်းယှက်ဝမ်းလျှော | | | နှာစေး | | | | | | | | |
| ပွဲလမ်းသဘင် | သင်္ကြန် | | | ဝါဆို / သင်္ကန်း | | | မီးထွန်းပွဲ | ကထိန်ပွဲ | ခရစ္စမတ်ပွဲ | | | |
| သောက်သုံးရေ ရရှိမှု | ရှ | ရှားပါး | | | | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှ |
| အစားအစာဖူလုံမှု | ရှားပါး ←→ | | | | | | | | ရှားပါး ←→ | | | |

ပါဝင်ဆွေးနွေးသူ

ကျား- ၄၀

မ- ၃၁

မှတ်တမ်းတင်သူ

အမည် - ဒေါ်နော်ဖြူကာဖြိုင်

ရာထူး - [illegible]

# ရာသီစွင်ပြက္ခဒိန်ဆွေးနွေးသုံးသပ်ခြင်း

မြန်မာပြက္ခဒိန်၏ ပထမအစဖြစ်သော တန်ခူးလတွင် မဟာ သင်္ကြန်ခါသမယ ဆိုသော ပွဲတော်ကို ဖြတ်သန်းရသည်နှင့် အညီ ငင်ငွေထက် ထွက်ငွေပို၍ များနေသည်မှာ ဧကန်ပင် ဖြစ်ပါသည်။ စားနပ်ရိက္ခာ ပူလုံစွာရရှိသော်လည်း နွေရာသီ၏ အပူဒဏ်ကြောင့် ရေတွင်းများတွင် ရေခမ်းကာ ရေရှားပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။ ထိုအပြင် ရာသီအကူးပြောင်းကြောင့် ဖမ်းပျက်ဖမ်းလျော ရောဂါကို လည်း ခံစားကြရ ပါသည်။

ကဆုန်လတွင်မှ ပျိုးကြဲခြင်းလုပ်ငန်းများကို စတင်လုပ်ကိုင်၍ အခြား သီးနှံများဖြစ်သော ပြောင်းဖူး၊ ကောက်၊ပဲစင်းငုံ စသော သီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။ လယ်ထဲတွင် ပျိုးကြဲသကဲ့သို့ အိမ်တွင်လည်း ပဲသီး၊ ဖရုံသီး စသော ဟင်းသီးဟင်းရွက်များကို စားသုံးရန် စိုက်ပျိုးကြသည်။

နယုန်လကုန်ပိုင်းနှင့် ဂါဆိုလအစတွင်မှ ကောက်စိုက်ခြင်းလုပ်ငန်း ကိုစတင်၍ လယ်ထဲတွင်သာ ပျော်မြူးစွာ ကုန်ဆုံးရသော အချိန်များဖြစ်ပါသည်။ ရာသီအကူးအပြောင်းတွင် ခံစားရတတ်သော ရောဂါများကို အသိဉာဏ်နည်းပါးသော တိုင်းရင်းသားများ ခံစားရသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် အအေးမိခြင်း၊ နာစေးခြင်း၊ဝှက်ဖျားဖြစ်ခြင်းနှင့် တုပ်ကွေးရောဂါများကို ခံစားရတတ်ပါသည်။ မိုးရာသီဖြစ်သည်နှင့် အညီ ရေလုံစွာ ရရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ အတွက် ရင်းနှီးမြုပ်နှံမှု အတွက် ငင်ငွေ ထက်ထွက်ငွေပိုနေသည်မှာ တော်သလင်းလကုန် အထိဖြစ်ပါသည်။

မီးထွန်းပွဲတော် ကျင်းပရာ သီတင်းကျွတ် အခါသမယသို့ ရောက်ရှိသော အခါတွင် ပင်ပန်းခက်ခဲသော ရာသီများ၏ အသီးအပွင့်ကို စတင်အကျိုးခံစားရပြီဖြစ်ပါသည်။ ထွက်သွားသော ထွက်ငွေများကို အသွင်ပြောင်း၍ ငင်ငွေများ စတင်ငင်ရာလဆိုလျှင်လည်း မှားမည်မထင်ပေ။ ထိုအပြင် ရေလုံလောက်စွာ ရရှိမှု၊စားနပ်ရိက္ခာဖူလုံမှုများသည် လုပ်အား၏ စွမ်းအားများသာ ဖြစ်ပါတော့သည်။

ကထိန်ခင်းရာလဖြစ်သော တန်ဆောင်မုန်းလမှ စတင်၍ ခရစ္စမတ်ပွဲတော်ကို ဖြတ်သန်းလျက် တပို့တွဲ လကုန်အထိ ငင်ငွေအများဆုံး ရရှိရာလများသာ ဖြစ်ပါတော့သည်။ သို့သော်လည်း တပို့တွဲလမှ စတင်၍ တန်ခူးလရောက်သည်ထိ သောက်သုံးရေရှားပါးမှုကို ခံစားရ၍ ရေဂယ်သုံးရခြင်း၊ သူများအိမ်အထိ သွားရောက်ရေခပ်ရသော ဒုက္ခကို ခံစားကြရ ပါတော့သည်။

## အရင်းအမြစ်သုံးစွဲမှုပုံစံပြ

| ကျား | ကျား+မ | မ |
|---|---|---|
| မြက်ရိတ်စက် | ဆိုင်ကယ် | အပ်ချုပ်စက် |
| ကိုင်းရှည် | ကား | ယက္ကန်း |
| ဘောလုံးကွင်း | စာသင်ကျောင်း | |
| | ဘုန်းကြီးကျောင်း | |
| | တံခွန်တိုင် | |

## အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား

| ကျား | ကျား+မ | မ |
|---|---|---|
| မြက်ရိတ်စက် | ဘုန်းကြီးကျောင်း | အပ်ချုပ်စက် |
| ကိုင်းရှည် | စာသင်ကျောင်း | ယက္ကန်း |
| ဘောလုံးကွင်း | တံခွန်တိုင် | |
| ကား | | |
| ဆိုင်ကယ် | | |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၄၇ဦး

မ - ၃၁ဦး


**မှတ်တမ်းတင်သူ**

အမည် - ဒေါ်စုမြတ်လှိုင်

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်ခြင်း ဆွေးနွေးသုံးသပ်ချက်

လူဦးရေ(၆၄၈)ဦးခန့်နေထိုင်သော ဒေါဆန်းဘွန်းကျေးရွာလေးသည် ကယန်းလူမျိုးများ အများဆုံး နေထိုင်သည်ဖြစ်ရာ ၎င်းတို့၏ ရိုးရာဓလေ့ထုံးစံအရ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများမှ စီမံထိန်းချုပ် လုပ်ကိုင်ကြသော်လည်း အမျိုးသားများသည် အိမ်ထောင်ဦးစီးဖြစ်သည့် အတွက် ပိုင်ဆိုင်မှု ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ ထူးခြားချက်မှာ အမျိုးသမီးများသည် အမွေရယူပိုင်ဆိုင်ခွင့် လုံးဝမရှိခြင်းဖြစ်သည်။ သို့သော်လည်း အမျိုးသမီးများသည် အမျိုးသားများနည်းတူ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊တံခွန်တိုင်၊ယက်ကန်း၊မြက်ရိတ်စက်၊ကား၊ကိုင်းရှည်၊ဆိုင်ကယ်၊ စက်ဘီးစသောအသုံးဆောင် ပစ္စည်းများနှင့် အခြေခံအဆောက်အအုံများကို ထိန်းချုပ်ခွင့်ရကြသည်။ ထို့အပြင် အပ်ချုပ်စက်များကိုလည်း အမျိုးသမီးများသာ ထိန်းချုပ်ကြပါသည်။ သုံးစွဲမှုများအနေဖြင့် ဘုန်းကြီးကျောင်းစာသင်ကျောင်း၊ တံခွန်တိုင်၊ ဘောလုံးကွင်း၊ လူငယ်ရိပ်သာ၊ လမ်း၊ လျှပ်စစ်မီး၊ ရေ၊ အိမ်၊ နွားလှည်း၊ လယ်ယာ၊ ဈေးဆိုင်၊ စက်ဘီးနှင့် ဆေးပေးခန်း စသည်တို့ကို အမျိုးသားများသာမက အမျိုးသမီးများပါ တန်းတူသုံးစွဲခွင့်ရကြ၍ အပ်ချုပ်စက်၊ ယက်ကန်းစသော လက်မှုလုပ်ငန်းများ၊ အိမ်တွင်းမှု၊ အလှပြင်ဆိုင်နှင့် စားသောက်ဆိုင်များကို အမျိုးသမီးများကသာ အဓိကလုပ်ကိုင် ကြပါသည်။ အမျိုးသားများမှာမူ ခွန်အားကို အသုံးပြု၍ လုပ်ကိုင်ရသော လယ်ယာသုံးပစ္စည်းများဖြစ်သည့် မြက်ရိတ်စက်၊ နွားလှည်း၊ကိုင်းရှည်များ အပြင် ဆံပင်ညှပ်ဆိုင်၊ ဖုန်းဆိုင်တို့ကို ထိန်းချုပ် သုံးစွဲကြပါသည်။ နိဂုံးချုပ် အနေဖြင့် တင်ပြလိုသည်မှာ အမျိုးသမီးများသည် အမျိုးသားများ နည်းတူ အမွေရယူ ပိုင်ဆိုင်ခွင့် မရှိသော်လည်း အခြားအရင်းအမြစ်များ အသုံးအဆောင် ပစ္စည်းများ ကိုမူ အမျိုးသားများ နည်းတူတန်းတူထိန်းချုပ်သုံးစွဲခွင့်ရှိကြောင်းတင်ပြဆွေးနွေးအပ်ပါသည်


ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ
ဦးဆောင်နိုင်မှု
လုံခြုံမှု
ပါဝင်ဆွေးနွေးသူ
ကျား- ၄၀
မှတ်တမ်းတင်သူ
အမည်
ရာထူး

## ပင့်ကူအိမ်ဆွေးနွေးသုံးသပ်ချက်


ဒေါ်ဆန်းဘွန်းကျေးရွာလေးတွင် အမျိုးသမီးများသည် အမျိုးသားများထက် ဆုံးဖြတ်ချက်ချနိုင်မှု အပိုင်းတွင် ပို၍ သာလွန်နေကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း လူမှုရေးလုပ်ငန်းများ ပါဝင်ခွင့်အပိုင်းတွင်မူ အမျိုးသမီးများနှင့် အမျိုးသားများမှာ တန်းတူသာဖြစ်ကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးများသည် အိမ်မှုကိစ္စဆောင်ရွက်နိုင်မှုတွင် အမျိုးသားများထက် ပိုမိုသာလွန်နေသော်လည်း အမွေရရှိပိုင်ခွင့်တွင်မူ အမျိုးသမီးများ၌ မရှိဘဲ အမျိုးသားများသာ ရရှိသည်မှာ ကယန်းလူမျိုးများ၏ ရိုးရာဓလေ့ တစ်ခုဖြစ်ပါတော့သည်။

အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတွင်မူ အမျိုးသားများသည် အမျိုးသမီးများထက် သာလွန်နေသောကြောင့် ဝင်ငွေရရှိမှုတွင်လည်း အမျိုးသားများ ကသာ သာလွန်နေကြောင်း တွေ့ရသည်။

လုံခြုံမှုပေးနိုင်စွမ်းတွင်မူ အမျိုးသားများသည် အမျိုးသမီးများထက်ပိုမို၍ တာဝန်ယူဆောင်ရွက်နိုင်သော်လည်း ဦးဆောင်နိုင်မှုအပိုင်းတွင်မူ အမျိုးသမီးများသည် အမျိုးသားများ နည်းတူ ဆောက်ရွက်နိုင်ကြောင်း သုံးသပ် တင်ပြအပ်ပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ

ကျား- ၄၀

မ- ၃၁

မှတ်တမ်းတင်သူ

အမည် ဒေါ်နုမြတ်ဖြိုး

ရာထူး လူထုစည်းရုံးရေးမှူး

## ချိတ်ဆက်မှု ဆွေးနွေးသုံးသက်ချက်

၂၀၀၉ခုနှစ်မှ စတင်၍ ကျေးရွာအတွက် ဆေးပုံးများ တစ်အိမ်လျှင် ရေစည်တစ်စည်နှင့် အိမ်သာခွက်စသော ထောက်ပံ့ရေးပစ္စည်းများကို UNDPအဖွဲ့မှ ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၁၅ခုနှစ်တွင် အတိုးသက်သာသော ငွေစုငွေချေးလုပ်ငန်းဖြစ်သည့် မြစ်မိုးရောင်စီမံကိန်းမှ ငွေချေးပေးခဲ့သော်လည်း အဖွဲ့ဝင်များသာ ရရှိချေးယူနိုင်ပါသည်။ ထို့အပြင် စိတ်တူကိုယ်တူအဖွဲ့မှ ငွေချေးလုပ်ငန်းများ လုပ်ကိုင်၍ ချေးငွေထုတ်ပေးသော်လည်း အဖွဲ့ဝင်များသာ ချေးယူခွင့်ရှိပါသည်။ ရိုးရာယဉ်ကျေးမှုအဖွဲ့သည် ရွာစတင်တည်ထောင်သည်မှ စ၍ ယခုတိုင် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါ သည်။

ထို့အပြင် လူငယ်အဖွဲ့၊အရန်မီးသတ်ဖွဲ့ လွှတ်တော်ရန်ပုံငွေကော်မတီ၊ အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ကြက်ခြေနီအဖွဲ့၊ကိုယ်ထူကိုယ်ထမူကြိုအဖွဲ့နှင့် CDDကော်မတီအဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပန်ကန်းအုပ်စုတစ်ခုလုံးတွင် အရေးပါသော မူကြိုကျောင်းဖြစ်သည့် worldvisionမှ တည်ဆောက်ပေးထားခဲ့သော sisterကျောင်းတွင် ရှိသည့် ၄င်းမူကြိုကျောင်းသည် (၈)နှစ်သက်တမ်းရှိပြီ ဖြစ်ပါသည်။ ၄င်းကျောင်းတွင် ဂင်ငွေနည်းပါးသော မိဘများ၏ ရင်သွေးငယ်လေးများကို ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်း ကစားစရာများ မူကြိုကျောင်းလစဉ်ကြေး မပေးနိုင်လျှင်လည်း ထောက်ပံ့ပေးခြင်း၊ ကလေးငယ်များကို ပျော်ပွဲစားများလိုက်ပို့ခြင်းနှင့် အာဟာရ တစ်ပတ်တစ်ခါ တိုက်ကျွေးခြင်းစသော လုပ်ငန်းများကို ကလေးများအတွက် ဦးစားပေး လုပ်ဆောင်ပေးခဲ့ပါသည်။ ထို့အပြင် ကျေးရွာပြင်ပ အဖွဲ့စည်းများဖြစ်သည့် ကျေးလက်ကျန်းမာရေး၊ ကယန်းမျိုးဆက်သစ် လူငယ်အဖွဲ့(ကျောင်းဆရာ၊ဆရာမများ)အတွက် ထောက်ပံ့ပေးခြင်း၊ လွှတ်တော်နှင့် EPCစသော အဖွဲ့စည်းများကလည်း ကျေးရွာအကျိုး သယ်ပိုးဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ဦးလုကာ

၂။ဒေါ်မူလှဲ

**စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ**

၁။ဦးအောင်ကို

၂။ဒေါ်ထရေးဇာ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ဦးရှိဘေးတိုနေယို

၂။ဒေါ်နော်ဆာဂေဖေါ်

**ဂယ်ယူရေးကော်မတီ**

၁။ဦးကနောင်း

၂။ဒေါ်မူကြာ

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ဦးထွန်းအောင်

၂။ဒေါ်မူမိုင်း

**ဂေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့**

၁။ဦးခရိုးယူ

၂။ဒေါ်ပို့ပို

**ငွေစာရင်းကိုင်**

၁။ဒေါ်မူမောက်

ပါဝင်ဆွေးနွေးသူ

ကျား-၄၀ဦး

မ -၃၁ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်စုမြတ်လှိုင်

ရာထူး -လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာအုပ်စုစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးကျော်လွင်

၂။ ဒေါ်ခင်ကျော့ဝေ

**ဘဏ္ဍာရေးဆပ်ကော်မတီ**

ဥက္ကဌ

၁။ ဦးတင်မောင်

စာရင်းကိုင်

၁။ ဒေါ်သီဂီမာ်

အဖွဲ့ဝင် (ငွေထိန်း)

၁။ ဒေါ်နဲ့မယ်

**အုပ်စုကော်မတီအဖွဲ့ဝင်များ**

၁။ ဦးလုကာ

၂။ ဒေါ်မူလှဲ

၃။ ဦးထွန်းမြင့်ထွန်း

၄။ ဦးစံမြင့်

၅။ဒေါ်ကြည်ကြည်ဝင်း

၆။ ဦးကောလင်းထို

၇။ဒေါ်မလေး

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၈ဦး

မ-၁၁ဦး

**မှတ်တမ်းတင်သူ**

အမည်-ဒေါ်စုမြတ်လှိုင်

# ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအိုင်းညို | 09-260089994 | ဒေါ်ဆုမြတ်လှိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ပန်ကန်း | ကျေးရွာ ဒေါသင်းကွင်း |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကယန်း--- | ၇၅ | ဘာသာ (၁) ---ကက်သလစ် ခရစ်ယာန်--- | ၇၅ |
| လူမျိုးစု (၂) ---ပဒုံ (ကယား)--- | ၁၆ | ဘာသာ (၂) ---ဗုဒ္ဓ--- | ၁၆ |
| လူမျိုးစု (၃) ---ကရင်--- | ၈ | ဘာသာ (၃) ---ခရစ်ယာန်--- | ၈ |
| လူမျိုးစုရော ---၃ခု--- | ၉၉ | ဘာသာရော ---၃ခု--- | ၉၉ |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မရှိ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | |
| စစ်ဘေးရှောင် | မရှိ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၈၆ | ၃၀၂ |
| လူမျိုးစု (၁)---ကယန်း--- | ၁၉၆ | ၁၇၉ |
| လူမျိုးစု (၂)---ကယား--- | ၆၅ | ၄၅ |
| လူမျိုးစု (၃)---ကရင်--- | ၂၅ | ၃၀ |
| | | |
| | | |
| အခြား | ၅၀ | ၅၈ |
| အိမ်ထောင်ဦးစီး | ၁၁၈ | ၂၀ |

## (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း (circled) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် (circled)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်-၂၀၁၇-/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည် (circled)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---မိုးလေပြင်းထန်ခြင်း---------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မြစ်ဖုံးကျောင်း---------------------------

(၂) -----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ □ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 14.10.17 | 14.10.17 | 40 | 31 | 71 | ကယား - 63, ဗမာ - 2 \| ကရင် - 2, [illegible] - 2, [illegible] - 2 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 14.10.17 | 14.10.17 | 40 | 31 | 71 | ကယား - 63, ဗမာ - 2 \| ကရင် - 2, [illegible] - 2, [illegible] - 2 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 25.10.17 | 25.10.17 | 1 | 2 | 3 | ကယား - 3 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်နု မြတ်လှိုင် | | | |
| နေ့စွဲ ၁၄.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း - ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု - ပန်ကန်း | ကျေးရွာ - ဒေါဆန်းဘွန်း |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတွင် ခန်းမဆောင်နှင့် လှုယက်ကိရိယာ မရှိသောကြောင့် ရပ်ရွာ အသုံးအဆောင်များမှု | ၁ | ရွာတွင်း မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရ ခက်ခဲခြင်း။ |
| ၂ | လုပ်ကျင်းပရာတွင် ဒေသ အခက်အခဲရှိခြင်း | ၂ | ကျေးရွာတွင် လှုယက်ကိရိယာ မရှိသောကြောင့် အသုံးအဆောင်များ ကျင်းပရာတွင် ဒေသ အခက်အခဲရှိခြင်း |
| ၃ | ကျေးရွာတွင်းရှိ မြေသားလမ်းများသည် မိုးရာသီအချိန်တွင် သွားလာရခက်ခဲခြင်း။ | ၃ | နွေရာသီတွင် သောက်သုံးရေ မလုံလောက်ခြင်းကြောင့် ကျန်းမာရေး၊ သောက်သုံးရေ အခက်အခဲရှိခြင်း။ |
| ၄ | နွေရာသီတွင် သောက်သုံးရေမလုံလောက်ခြင်း ကြောင့် ကျန်းမာရေး အခက်အခဲရှိခြင်း။ | ၄ | ကလေးငယ်များ ပညာသင်ကြားရာတွင် လုံခြုံမှုမရှိသော စာသင်ကျောင်းဖြစ်သည့်အတွက် အခက်အခဲရှိခြင်း။ |
| ၅ | စာသင်ကျောင်း လုံခြုံမှု မရှိခြင်းကြောင့် | ၅ | ကလေးငယ်များ ပညာသင်ကြားရာတွင် စာသင်ခန်း |
| ၆ | ကလေးငယ်များ ပညာသင်ကြားရာတွင် အခက်အခဲဖြစ်ခြင်း | ၆ | လုံလောက်မှုမရှိသော အခက်အခဲရှိခြင်း။ |
| ၇ | စာသင်ကျောင်းတွင် စာသင်ခန်း လုံလောက်မှု | ၇ | လျှပ်စစ်မီး လုံလောက်စွာ မရရှိခြင်းကြောင့် ကျေးရွာ |
| ၈ | မရှိခြင်းကြောင့် ကလေးငယ်များ ပညာရေးထိခိုက်ခြင်း၊ | ၈ | နေပြည်သူများ ညအချိန်တွင် အခက်အခဲရှိခြင်း။ |
| ၉ | ကလေးငယ်များ ညအချိန်စာကျက်ခြင်း အဆင်မပြေသော လျှပ်စစ်မီး အခက်အခဲရှိခြင်း။ | ၉ | ရေနုတ်မြောင်းများမှာ ရေကောင်းမွန်စွာ မစီးဆင်း |
| ၁၀ | ရေသွားရေဆင်းများ ဖြစ်ပေါ်နေသော ရေနုတ်မြောင်းများကြောင့် ကျန်းမာရေး အခက်အခဲရှိခြင်း။ | ၁၀ | သောကြောင့် ကျန်းမာရေး အခက်အခဲရှိခြင်း။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာတွင် ခန်းမဆောင်နှင့်လှုယက်ကိရိယာ များ တည်ဆောက်ပေးခြင်းဖြင့် ဒေသ အခက်အခဲကို | ၁ | မိုးရာသီတွင် သွားလာရခက်ခဲသော မြေသားလမ်းများ အား ကျောက်ချောလမ်း ခင်းပေးခြင်း။ |
| ၂ | ပြေလည်စေခြင်း။ | ၂ | လှုယက်ကိရိယာ တည်ဆောက်ပေးခြင်းဖြင့် လယ်ယာအသုံးအဆောင်များ မှုလုပ်ရာတွင် အဆင်ပြေ ချောမွေ့စေခြင်း |
| ၃ | ကျေးရွာတွင်ရှိ သွားလာရခက်ခဲသော မြေသား လမ်းများ အား ကျောက်ချောလမ်း ခင်းပေးခြင်း | ၃ | စာသင်ကျောင်းခြံစည်းရိုးကာ ပေးခြင်းဖြင့် ကလေးငယ်များ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ခြင်း။ |
| ၄ | နွေရာသီတွင် သောက်သုံးရေ လုံလောက်စွာရရှိစေရန် ရေလှောင်ကန်များ တည်ဆောက်ပေးခြင်း။ | ၄ | စာသင်ခန်းများ တိုးချဲ့တည်ဆောက်ပေးခြင်းဖြင့် ကလေးငယ်များ ပညာရေးတိုးတက်စေခြင်း။ |
| ၅ | စာသင်ကျောင်း ခြံစည်းရိုး ခတ်ပေးခြင်းဖြင့် | ၅ | လျှပ်စစ်မီး လုံလောက်စွာ တပ်ဆင်ပေးခြင်းဖြင့် ကျေးရွာ နေပြည်သူများ ညအချိန် သွားလာရခက်ခဲမှု ပြေလည်စေခြင်း |
| | ကလေးငယ်များ လုံခြုံစွာ ပညာသင်ကြားစေခြင်း | ၆ | ရေနုတ်မြောင်းများ ကောင်းစွာ ရေစီးဆင်း နိုင်အောင် |
| | စာသင်ကျောင်းတွင် စာသင်ခန်းများ တိုးချဲ့တည် | ၇ | ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာနေ လူထုရဲ့ ကျန်းမာ |
| | ဆောက်ပေးခြင်းဖြင့် ကလေးငယ်များ ပညာရေး | ၈ | ရေး ကောင်းမွန် ပြေလည်စေခြင်း |
| | တိုးတက်စေခြင်း | ၉ | နွေရာသီတွင် သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် |
| | လျှပ်စစ်မီး တပ်ဆင်ပေးခြင်းဖြင့် ကလေးငယ်များ ညအချိန်စာကျက်ရာတွင် အဆင်ပြေစေခြင်း | ၁၀ | ရေလှောင်ကန်များ တည်ဆောက်ပေးခြင်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာတွင် လူငယ်ရိပ်သာ | ကျ + မ | | |
| ၂ | နှင့် [illegible] တည်ဆောက်ပေး | | | |
| ၃ | ခြင်း | | | |
| ၄ | ရေနုတ်မြောင်းများ ပြုပြင်ပေးခြင်း | ကျ + မ | | |
| ၅ | စာသင်ကျောင်း ခြံစည်းရိုး | ကျ + မ | | |
| ၆ | တည်ဆောက်ပေးခြင်း | | | / |
| ၇ | စာသင်ကျောင်း တိုးချဲ့တည် ဆောက်ပေးခြင်း | ကျ + မ | | |
| ၈ | ရေလှောင်ကန် တည်ဆောက်ပေးခြင်း | ကျ + မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ----ဒေါ်[illegible]---------------- လက်မှတ် -------[illegible]------------------- နေ့စွဲ--၁၄-၁၀-၂၀၁၇---------

ပထမ အကြိမ် နှင့် ဒုတိယ အကြိမ် ........................................... အစည်းအဝေးအစီရင်ခံစာ

| | | | | | |
|---|---|---|---|---|---|
| နေ့ရက် | ၁၄.၁၀.၂၀၁၇ | အချိန် | ၉:၀၀ | မှ ၃:၀၀ | ထိ |
| နေရာ | [illegible] | ကျေးရွာအုပ်စု/ကျေးရွာ | ပန်ကျင်း ၊ ဒေါ်သင်းကွင်း | | |
| မြို့နယ် | လွိုင်ကော် | ပြည်နယ် | ကယား | | |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | စီမံကိန်း မိတ်ဆက် |
| ၂ | စီမံကိန်း ဆက်ဝင်း |
| ၃ | ကော်မတီ အဖွဲ့ များ ပြန်လည် ဖွဲ့စည်းခြင်း |
| ၄ | PRA ပြန်လည်ဆွေးနွေး |
| ၅ | အမျိုးသား / သမီး များ၏ အခက်အခဲ ပြဿနာ ၊ မျှော်မှန်း ၊ မွေးမြူရေး လုပ်ငန်းများ |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - လူမှုရေး နှင့် အရင်း အမြစ်မြေပုံ | ဒေါ်မေရှိုဖြာ |
| - ဥတုရာသီ ကြွယ်ဝမှု ပုံစံ ပြက္ခဒိန် | ဒေါ်လေးမြအိုင် |
| - ရိုးဆိုင်မှု သမိုင်း စဉ် ဖြင်း | ဒေါ်နုမြတ်လှိုင် |
| - ရာသီစဉ်ပြက္ခဒိန် | ဒေါ်မြတ်ဆုဖ |
| - ဘင် ဒိုင်ယာဂရမ် | |
| - မြင်းပုံ | |
| - အမျိုးသား / သမီး များ တင်ပြလာသော အခက်အခဲ ၊ ပြဿနာ ၊ မျှော်မှန်းချက်နှင့် စီးပွားရေး လုပ်ငန်းများ | |

ဆွေးနွေးဆုံးဖြတ်ချက်များ-

ကျေးရွာအုပ်စု စီ၊ ထောက် ဦးကျော်လွင်မှ အမှူး အဖွဲ့ တရားဝင် ဖွင့်လှစ်ပြီး လူထုစည်းရုံးရေး မှူး ဒေါ်မေရှိုဖြာ မှ ဒုတိယ နှစ် စီမံကိန်း ဆက်ဝင်း ဖြစ်သော ကြောင့် ကျေးရွာလူထု များ ပူးပေါင်း ပါဝင်ဆောင်ရွက် ဖို့ ပြောကြား ခဲ့ ပါ သည်။ ဆက်လက်ပြီး စီမံကိန်း မိတ်ဆက် ၊ စီမံကိန်း ဆက်ဝင်း နှင့် ကော်မတီ များ ကို ပြန်လည် ဖွဲ့စည်း ခဲ့ ပါသည်။ PRA များ ကို ပြန်လည် သုံးသပ် ဆွေးနွေး ခဲ့ ပါသည်။ ကျေးရွာ ၏ မွေးမြူရေး လုပ်ငန်း များ ကို ပြန်လည် သုံးသပ်ပြီး စီးပွားရေး လုပ်ငန်း များ ကို ရွေးချယ် ဆွေးနွေး ဆုံးဖြတ် ခဲ့ ကြ ပါသည်။

အကြံပြုချက်များ-

ဒုတိယ နှစ် စီမံကိန်း ဆက်ဝင်း ဖြစ်သော ကြောင့် ပူးပေါင်း ပါဝင်မှု အားကောင်း သော် လည်း အချိန် ပေး နိုင်မှု အား နည်း နေ သည် ကို တွေ့ ရ ပါ သည်။

မှတ်တမ်းပြုစုသူ - ဒေါ်နုမြတ်လှိုင်

ရာထူး - လူထုစည်းရုံးရေးမှူး

# ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ် မူရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လူငယ်ရိပ်သာနှင့်ခန်းမဆောင် တည်ဆောက်ပေးခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၂ | စာသင်ကျောင်းခြံစည်းရိုး | မ (√ )<br>ကျား(√) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း / စီးပွားရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | ရေလှောင်ကန် | မ(√ )<br>ကျား(√) | | | |
| | ၂ | ရေနုတ်မြောင်း | မ(√ )<br>ကျား(√) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | ကျောက်ချောလမ်း | မ(√ )<br>ကျား(√ ) | | | |
| | ၂ | လျှပ်စစ်မီး | မ(√)<br>ကျား(√) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်း အကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ (ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ (ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | လှူငယ်ရိပ်သာနှင့်ခန်းမဆောင်တည်ဆောက်ပေးခြင်း | ၁ | | | √ | |
| ၂။ | စာသင်ကျောင်းခြံစည်းရိုး | ၂ | | | √ | |
| ၃။ | ရေလှောင်ကန် | ၃ | | | √ | |
| ၄။ | ကျောက်ချောလမ်း | ၄ | | | √ | |
| ၅။ | ရေနုတ်မြောင်း | ၅ | | | √ | |
| ၆။ | လျှပ်စစ်မီး | ၆ | | | √ | |
| ၇။ | | | | | | |
| ၈။ | | | | | | |
| ၉။ | | | | | | |
| ၁၀။ | | | | | | |
| ၁၁။ | | | | | | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |

**ပါဝင်ဆွေးနွေးသူ**

ကျား -၄၀ဦး

မ -၃၁ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်စုမြတ်လှိုင်

ရာထူး - လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



